လျှိ I နာ၊ ‹sho› 山谷 **II** ကာ၊ ‹sho› ①穿过，穿入，钻入：နဖါးကြိုး～သည်။ 给牛穿牛鼻绳。 / တံခါးဦးမင်းတုပ်～၏။ 插上门闩。②隐藏，躲藏，藏辉，深藏若虚：ခုံထဲ၌ ～ နေသော ယုန်။ 藏在灌木丛里的兔子 / ပညာကို ～ ထားတယ်။ 才华不外露 / သူတို့မမြင်အောင်ကျွန်တော်အသာ ～ ပြီးပြန်လာပါတယ်။ 背着他们，我悄悄地回来了。③屈从，顺从：ကျွန်ုပ်မည်သူ၏လက်အောက်သို့မျှမ ～ ဝင်လိုပါ။ 我不愿屈从任何人。

လျှိမြောင် နာ၊ ‹sho myaun› = လျှိရိုး

လျှိရိုး နာ၊ ‹sho yo:› 山谷，峡谷

လျှိဝင် ကာ၊ ‹sho win› 钻进，钻入，投入

လျှိသွင်း ကာ၊ ‹sho thwin:› 插入

လျှိုး ကာ၊ ‹sho:› ①弯腰低头，弯腰：လူကြီးသူမများ၏ရှေ့တွင် ခေါင်းကို ～ ၍သွားရသည်။ 在长辈面前走过要弯腰低头(以示尊敬)。②隐藏 ③钻入：ရေထဲကိုငုပ် ～ သွားသည်။ 钻入水中。 / မြေ ～ မိုးပျံ့ 飞天钻地

လျှိုးငုပ် ကာ၊ ‹sho: ngout› 钻入

လျှိုးဝင် ကာ၊ ‹sho: win› = လျှိုးငုပ်

လျှိုးဝပ် ကာ၊ ‹sho: wut› 隐伏在……里面

လျှံ နဝ၊ ‹shan› ①满溢，溢出：မိုးအလွန်သည်း၍ကမ်းများကိုရေ ～ ၏။ 雨下得很大，河水都溢出来了。 / ပညာ ～ တယ်။ 知识渊博。②闪耀，光亮：အရောင် ～ သည်။ 发光。③轻浮，不稳重：～ တဲ့မိန်းကလေး 轻浮的姑娘 ④越过：အရေးမကြီးသည့်အပိုင်းကိုမူ ～ ၍ဖတ်နိုင်သည်။ 不重要的部分，粗略看一下就行了。 / ကျည်ဆံကလူပေါ် ～ သွားသည်။ 子弹从人头上飞过。⑤(喻)听不进：ပြောသမျှဆိုသမျှသူ့အဖို့ ～ နေသည်။ 一切劝说他都听不进去。

လျှံကျ ကာ၊ ‹shan kya′› 溢出：ရေတွေ ～ နေတယ်။ 水溢出来了。

လျှံညို ကာ၊ ‹shan nyi′› (书)辉煌，闪耀

လျှံညီး ကာ၊ ‹shan nyi:› = လျှံညို

လျှံတက် ကာ၊ ‹shan tet› (书)①多，丰富；满②光亮

လျှံထွက် ကာ၊ ‹shan htwet› 溢出，冒出

လျှံပ ကာ၊ ‹shan pa′› = လျှံညို

လျှံပြောင် ကာ၊ ‹shan pyaun› = လျှံညို

လျှံဖိတ် ကာ၊ ‹shan pheit› ①发亮，闪烁②溢出

လျှံမြူး ကာ၊ ‹shan myu:› = လျှံညို

လျှံလက် ကာ၊ ‹shan let› = လျှံညို

လျှံလင်း ကာ၊ ‹shan lin:› = လျှံညို

လျှံဝေ ကာ၊ ‹shan wei› ①发亮，闪烁，闪耀 ②溢出

လျှံဝင်း ကာ၊ ‹shan win:› = လျှံညို

လျှောက် I ကာ၊ ‹shaut› ①上奏(皇帝)；禀告：ရှေ့ဖေါ်းတော်မြတ်အောက်မှရှိခိုးသံတော်ဦးတင် ～ ပါ၏။ 在御前上奏。②申请：အလုပ် ～ သည်။ 申请工作。③走：လမ်း ～ သည်။ 走路，散步。 / စကြ ～ သည်။ 散步。④通畅：သွေးလေမ ～ ပါ။ 气血不畅通。 **II** ကဝ၊ ‹shaut› 到处；随便：～ ပြော သည်။ 随便乱说；东拉西扯。 / ～ လုပ်သည်။ 到处干。

လျှောက်ကြား ကာ၊ ‹shaut kya:› 申诉

လျှောက်ချက် နာ၊ ‹shaut khyet› 呈述，申请

လျှောက်စာ နာ၊ ‹shaut sa› = လျှောက်လွှာ

လျှောက်စာဆက်စာ နာ၊ ‹shaut sa hset sa› (给僧侣、国王等的)奏折

လျှောက်ဆို ကာ၊ ‹shaut hso› 禀告，奏请

လျှောက်တင် ကာ၊ ‹shaut tin› = လျှောက်ထား

လျှောက်ထား ကာ၊ ‹shaut hta:› ①申请：အလုပ်ရဖို့ ～ သည်။ 申请工作。②奏：ရှင်ဘုရင်အား ～ သည်။ 向国王上奏。

လျှောက်ထားသူ နာ၊ ‹shaut hta: thu› 申请人；上奏者

လျှောက်ထုံး နာ၊ ‹shaut hton:› 古代学者、大臣办事审案的奏折(成为后人办事执法的依据)

လျှောက်ပန် ကာ၊ ‹shaut pan› 禀告；奏请

လျှောက်ပြန်သံပေး နာ၊ ‹shaut pyan than bei:› 求爱者(到女方家门前徘徊发出声响或唱歌求爱)

လျှောက်မေး ကာ၊ ‹shaut mei:› 请教，询问

လျှောက်လဲ ကာ၊ ‹shaut le:› 【律】辩护，答辩，抗辩

လျှောက်လဲချက် နာ၊ ‹shaut le: gyet› 【律】答辩

လျှောက်လွှာ နာ၊ ‹shaut hlwa› 申请书，奏本

လျှောက်လွှာစာရွက် နာ၊ ‹shaut hlwa sa ywet› 写申请书用纸，公文纸

လျှောက်လွှာစက္ကူ နာ၊ ‹shaut hlwa set ku› = လျှောက်လွှာစာရွက်

လျှင် I ပ၊ ‹yin / hlyin› ①加强语气，常和 ပင် 连用 ②每个：တနာရီ ～ ၅မိုင်နှုန်းနှင့်ပြေးသည်။ 以每小时五英里的速度跑。 **II** သ၊ ‹yin / hlyin› 如果……的话：ပေး～ယူ။ 如果给就拿。

လျှင်....ခြင်း/လျှင်....ချင်း ပ၊ ‹hlyin....gyin: /hlyin....gyin:› ……马上就……；ရောက်လျှင်ရောက်ခြင်း 一到就…… / သိလျှင်သိခြင်း 一知道就……

လျှပ် I နာ၊ ‹shat / hlyat› 闪电，电光 **II** နဝ၊ ‹shat/hlyat› 草率，马虎：အလုပ်အကိုင် ～ သည်။ 工作马虎。 **III** ကာ၊ ‹hsat/hlyat› ①打闪，闪亮：အရောင် ～ သည်။ 闪亮。②火燎：လက်ကိုမီး ～ သွားသည်။ 手被火燎了一下。③擦着地，蹭地，从表面蹭过：လေယာဉ်သည်ရေပြင်ကို ～ ၍ပျံ သွားသည်။ 飞机贴着水面飞过。④从表面上轻轻取：ဆန်ကိုအပေါ်ယံမှ ～ ၍ယူသည်။ 从表面上取米。

လျှပ်ကာပစ္စည်း နာ၊ ‹hlyat ka pyit si:› 【物】绝缘体

လျှပ်ကူးပစ္စည်း နာ၊ ‹hlyat ku: pyit si:› 【物】导(电)体

လျှပ်ခြည် နာ၊ ‹hlyat khyi› 电光，闪电

လျှပ်စာ နာ၊ ‹shat sa› 贿赂：～ စားတဲ့တရားသူကြီးသည်ရာထူးကျ သွားသည်။ 受贿的法官被降职了。